## Question & Answer

–ကိုသက်




**Q** ကျွန်တော့်ရဲ့ဖုန်းကို အိမ်ကကလေးကဆော့လိုက်ပါတယ်။ ကျွန်တော်ဖုန်းကိုပြန်ကြည့်လိုက်တဲ့အချိန်မှာ ဖုန်းရဲ့ Lock Screen မှာ Pin Lock ဆိုပြီးပေါ်နေပြီး Password တောင်းနေပါတယ်။ Password ကလည်းဘာမှရိုက်လို့မရဘူးဖြစ်နေပါတယ်။ ဒါ့အပြင် ဖုန်းရဲ့အပေါ်ထိပ်ဘက် Notification နေရာမှာလည်း Sim Card ပုံပေါ်နေပြီး လိုင်းကတော့အပြည့်ဖြစ်နေပါတယ်။ ဒါပေမယ့် Emergency Call ပဲပေါ်နေပြီး ဘာမှနှိပ်လို့မရဘူးဖြစ်နေပါတယ်။ Sim Card ကိုထုတ်ပြီးစမ်းကြည့်တော့ ဟန်းဆက်ကကောင်းပါတယ်။ ဟန်းဆက်က Galaxy Ace ပါ။ ကတ်ကိုထုတ်လိုက်ရင် Password မတောင်းတော့ပါဘူး။ တခြား ကတ်တွေကိုထည့်ပြီးသုံးရင်လည်း အဆင်ပြေပါတယ်။ အဲဒါဘာဖြစ်တာပါလဲ။ ဘယ်လိုလုပ်ရင်ပြန်ကောင်းနိုင်ပါသလဲ။

**A** Samsung Galaxy Ace ဖုန်းမှာဖုန်းရဲ့ Lock Screen စနစ်မှာ Pin Lock ဖြစ်ပြီး ဖုန်းရဲ့ Sim Card ပုံလည်းပေါ်နေတယ်ဆိုရင်တော့ ဒါက ဖုန်းကတ် Lock ကျတယ်လို့ဆိုနိုင်ပါတယ်။ လိုင်းကအပြည့်ဖြစ်နေတယ်ဆိုတာကလည်း ဖုန်းလိုင်းက Menual ကနေ Digital ဖြစ်သွားပြီး Auto Service ဖြစ်နေလို့ တိုင်အပြည့်ပြနေတာဖြစ်ပါတယ်။ တိုင်ပြည့်နေတာမဟုတ်ပါဘူး။ ပုံမှန်အတိုင်းဆိုရင်ကွန်ရက်ချိတ်နေတဲ့ ဖုန်းတွေရဲ့လိုင်းဆွဲအားတိုင်နှုန်းဟာ ငြိမ်မနေတတ်ပါဘူး။ အမြဲလှုပ်ရှားနေတတ်ပါတယ်။ တိုင်ကအဲဒီလိုမျိုးမလှုပ်တော့ဘဲနဲ့ငြိမ်နေတာဆိုရင် လိုင်းမရှိတော့တဲ့သဘောပါပဲ။ ဟန်းဆက်ထဲကို တခြားကတ်တွေထည့်ပြီးအသုံးပြုတဲ့အချိန်မှာရတယ်ဆိုရင်တော့ ဒါက Card Lock ကျတာသေချာပါတယ်။ Lock ကျနေတဲ့ Sim Card ကိုထည့်လိုက်တဲ့အချိန်မှာ ဖုန်းက Lock ကျနေတယ်ဆိုတာကိုပြနေပြီး Password တောင်းနေတာလည်းဖြစ်ပါတယ်။ ဒီလိုမျိုး Sim Card Lock ကျသွားတယ်ဆိုရင်တော့ Password ကိုသိမှပဲပြန်လုပ်လို့ရနိုင်မှာပါ။ အဲဒီလိုမှမဟုတ်ဘူးဆိုရင်တော့ ပြန်လုပ်ဖို့မလွယ်ကူပါဘူး။ ဒါကမြန်မာ့ဆက်သွယ်ရေးမှာသွားပြီး ကတ်အသစ်ပြန်လျှောက်မှပဲအဆင်ပြေနိုင်ပါလိမ့်မယ်။ မြန်မာ့ဆက်သွယ်ရေးမှာ Card Lock ကျတာကိုအသစ်သွားပြန်လျှောက်ရပါလိမ့်မယ်။ ကတ်ပျက်တယ်လို့လည်းဆိုနိုင်ပါတယ်။

## Technical

–ကိုသက်

# Mobile Phone RAM & ROM



ပြီးခဲ့တဲ့အပတ်ကကျန်ရှိနေသေးတဲ့အချက်အလက်တွေကို ဆက်လက်ဖော်ပြပေးသွားပါမယ်။

ပြီးခဲ့တဲ့အပတ်က ROM တွေရဲ့အကြောင်းကိုဖော်ပြခဲ့တာဖြစ်ပါတယ်။ ROM ဆိုတာကတော့ Read Only Memory လို့ခေါ်ဆိုသတ်မှတ်တာဖြစ်တယ်လို့ဆိုခဲ့ပါတယ်။ RAM ဆိုတာကတော့ မိုဘိုင်းဖုန်းတွေမှာပါဝင်တဲ့ နောက်ထပ်မှတ်ဉာဏ်စနစ်တစ်ခုပဲဖြစ်ပါတယ်။ RAM ဆိုတာကတော့ Random Access Memory ကိုအတိုခေါက်အနေနဲ့ RAM လို့ခေါ်ဆိုသတ်မှတ်ထားတာဖြစ်ပါတယ်။ RAM ထဲမှာတော့ OS နဲ့ပတ်သက်တဲ့အစိတ်အပိုင်းတွေမပါဝင်ဘဲ ဖုန်းရဲ့မှတ်ဉာဏ်စနစ်သက်သက်အတွက်ပဲဖြစ်တယ်လို့ဆိုပါတယ်။

RAM ထဲမှာတော့ ဖုန်းအတွက်လုပ်ဆောင်ပေးနေတဲ့ ဆော့ဖ်ဝဲတွေနဲ့ Application စနစ်တွေကိုထည့်သွင်းထားတာဖြစ်ပါတယ်။ RAM တွေကတော့ တောက်လျှောက်လုပ်ဆောင်နေမယ့်လုပ်ဆောင်ချက်တွေနဲ့ အသုံးပြုသူတွေရဲ့ (Data Storage) အချက်အလက်သိမ်းဆည်းခြင်းတွေအတွက်ထားတဲ့ မှတ်ဉာဏ်ဖြစ်ပါတယ်။ RAM ထဲမှာရှိနေတဲ့အချက်အလက်တွေနဲ့ နောက်ခံကနေလှုပ်ရှားနေတဲ့ Application တွေ၊ Current Run တွေနဲ့အရာတွေကို ဖုန်းတွေမှာထည့်သွင်းအသုံးပြုတဲ့ Taskmanager ကနေတစ်ဆင့် အားလုံးကိုမြင်တွေ့နိုင်မှာဖြစ်တဲ့အပြင် RAM ရဲ့မှတ်ဉာဏ် (Available Memory) ကိုလည်းမြင်တွေ့နိုင်ပါတယ်။

RAM တွေဟာပထမပိုင်းမှာဖော်ပြခဲ့တဲ့ ROM စနစ်နဲ့လုံးဝကိုကွဲပြားခြားနားပါတယ်။ ROM တွေကတော့ သီးခြားဆန်တဲ့အခြေအနေမျိုးမှာရှိနေပြီး အသုံးပြုသူတွေအနေနဲ့ ကိုယ်တိုင်ချယ်လှယ်အသုံးပြုနိုင်တဲ့မှတ်ဉာဏ်မျိုးမဟုတ်ပါဘူး။ RAM ကတော့အသုံးပြုသူကိုယ်တိုင်က စိတ်ကြိုက်ချယ်လှယ်အသုံးပြုနိုင်တဲ့ ဖုန်းတွင်းမှတ်ဉာဏ်ပိုင်းဖြစ်ပါတယ်။ ROM တွေအကြောင်းကိုဖော်ပြခဲ့တဲ့နေရာမှာတော့ အပိုင်းနှစ်ပိုင်းရှိပြီး ROM နဲ့ ROMs ဆိုပြီးနှစ်ပိုင်းဖြစ်တယ်လို့ဖော်ပြခဲ့ပါတယ်။ ROM စစ်စစ်ဖြစ်တဲ့ SO ပိုင်းကတော့ဖုန်းကိုပါဝါဖွင့်ခြင်း၊ ပိတ်ခြင်း၊ ဖုန်းရဲ့လုပ်ဆောင်ချက်အပိုင်းများ ဖုန်းရဲ့အသက်တည်ရှိရာစနစ်ပိုင်းအဖြစ်သတ်မှတ်ထားတာဖြစ်ပြီး ROMs ဆိုတာကတော့ ဖုန်းတစ်ခုထဲကိုထည့်သွင်းလိုက်တဲ့ OS ဗားရှင်းတစ်ခုမှာပါဝင်လာတဲ့ Default Application တွေအတွက်နေရာဖြစ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

## Tips & Guide

# Samsung Android OS Jelly Bean Setting tokjyk(3)

Samsung Android OS Jelly Bean Setting အသုံးပြုပုံနဲ့ပတ်သက်ပြီး ကျန်ရှိတဲ့အချက်အလက်များကို ဆက်လက်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အရင်အပတ်ကတော့ Display ရဲ့ Notification Panel ဆိုတဲ့နေရာထိဖော်ပြခဲ့တာဖြစ်ပါတယ်။

Display Setting ရဲ့နောက်မှာတော့ Storage ဆိုတာရှိပါတယ်။ ဒါကတော့ ဖုန်းရဲ့မှတ်ဉာဏ်နဲ့ပတ်သက်တဲ့အချက်အလက်တွေကိုဖော်ပြပေးထားတာဖြစ်ပါတယ်။ ဒီစနစ်မှာတော့သိပ်ပြီး ထူးခြားတာမရှိလှပါဘူး။ သူ့နောက်မှာတော့ Power Saving Mode Setting ပါ။ ဒီစနစ်ထဲမှာတော့ ထူးထူးခြားခြားမဟုတ်ပေမယ့် Power Saving စနစ်ထဲမှာစနစ်တွေထပ်တိုးပါဝင်လာခဲ့ပြီး ဒီစနစ်ထဲမှာ ကိုယ်က CPU ရဲ့ပါဝါအသုံးပြုခြင်းစနစ်၊ Screen ရဲ့ပါဝါအသုံးပြုခြင်းစနစ်၊ Background Color တွေရဲ့ပါဝါအသုံးပြုခြင်းစနစ် အစရှိတာတွေအတွက် စနစ်တစ်ခုချင်းစီအလိုက် ကိုယ်လိုအပ်တဲ့ Power Saving စနစ်ကိုထိန်းချုပ်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

နောက်ထပ်စနစ်ကတော့ Battery ဆိုတဲ့စနစ်ပဲဖြစ်ပါတယ်။ ဒီစနစ်ထဲမှာလည်း သိပ်ပြီးထူးထူးခြားခြားပြောင်းလဲသွားတာမျိုးမရှိပါဘူး။ နောက်ထပ်စနစ်ကတော့ Application Manager စနစ်ပါ။ Application Manager စနစ်ကတော့အရင်တုန်းက Application စနစ်ထဲကိုဝင်ပြီးမှ Application Manage ထဲကိုတစ်ဆင့်ချင်းစီဝင်ရတာမျိုးမဟုတ်တော့ဘဲ တိုက်ရိုက်ရောက်ရှိနိုင်မယ့်စနစ်ပုံစံမျိုးဖြစ်သွားပါတယ်။ ထူးထူးခြားခြားပြောင်းလဲအသုံးပြုခြင်းမျိုးတွေ သိပ်မရှိပေမယ့် UI User Interface ပုံစံကတော့လုံးဝကိုကွဲပြားခြားနားသွားတာမြင်တွေ့ကြရပါလိမ့်မယ်။ ဒီစနစ်ထဲမှာတော့ Download, Running, All အစရှိသဖြင့် စနစ်တွေခွဲခြားပေးထားပါတယ်။
















Location & Service ဆိုတာကတော့ပုံမှန်အတိုင်းလောက်ပါပဲ။ သိပ်ပြီးမပြောင်းလဲပါဘူး။ Lock Screen ဆိုတဲ့စနစ်ကိုလည်းမြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒီစနစ်ဟာအရင်ဗားရှင်းဖြစ်တဲ့ 4.0 ဗားရှင်းတွေမှာတုန်းကထိ Security ဆိုတဲ့စနစ်ထဲမှာပဲရှိနေတဲ့စနစ်ဖြစ်ပါတယ်။ 4.1 Jelly Bean မှာတော့ Setting ရဲ့ဖွဲ့စည်းမှုစနစ်တွေထဲမှာသပ်သပ်ထုတ်ပေးထားတာတွေ့ရမှာဖြစ်ပါတယ်။ ဒီလိုမျိုးသပ်သပ်ထုတ်ပေးထားရတာကတော့ Lock Screen စနစ်မှာအသုံးပြုနိုင်မယ့်စနစ်တွေကို ထပ်ပေါင်းဖြည့်စွက်ထားတဲ့အတွက်စနစ်တွေများပြားလာတာကြောင့်လည်းဖြစ်ပါတယ်။

Lock Screen ဆိုတဲ့စနစ်ထဲကိုဝင်လိုက်မယ်ဆိုရင်တော့ Screen Lock, With Swip Lock, Lock Screen Options, Pop Note on lock screen, Make Pattern Visible, Lock Automatically, Lock Instantly with power key, Vibrate on screen tap အစရှိတဲ့ စနစ်တွေကိုမြင်တွေ့ရမှာဖြစ်ပါတယ်။

Screen Lock ဆိုတာကတော့ ပုံမှန် Android ဖုန်းတွေမှာအသုံးပြုနေတဲ့ Pattern Lock, PIN lock, Face Unlock အစရှိတဲ့စနစ်တွေကို အသုံးပြုတဲ့နေရာပဲဖြစ်ပါတယ်။ With Swipe Lock ဆိုတဲ့စနစ်ကတော့ ဖုန်းရဲ့ Lock Screen စနစ်ကို နှစ်ဆင့်ပြုလုပ်တဲ့နည်းပဲဖြစ်ပါတယ်။ ဒီစနစ်ကတော့ ဖုန်းကို Lock လုပ်လိုက်တဲ့နေရာမှာ ကိုယ်က Pattern Lock စနစ်ကိုအသုံးပြုထားတယ်ဆိုရင် ဖုန်းကိုပြန်ဖွင့်တဲ့အချိန်မှာ Pattern Lock စနစ်ကိုတိုက်ရိုက်တန်းမရောက်ဘဲ ပုံမှန် Lock Screen စနစ်ကိုအရင်ဆုံး Unlock လုပ်ပြီးမှ Pattern နေရာကိုရောက်ရှိနိုင်ပါလိမ့်မယ်။ Lock စနစ်ကိုနှစ်ဆင့်ပြုလုပ်တာဖြစ်ပြီး Pattern Lock စနစ်တွေနဲ့ အခြား PIN lock စနစ်တွေကို ဖုံးအုပ်ကာကွယ်ထားတာလည်းဖြစ်ပါတယ်။

–ကိုသက်


Mobile Master
မိုဘိုင်း Master
မိုဘိုင်းဖုန်း Software & Hardware အထူးပြုပြင်နည်းသင်တန်း
iOs အသုံးပြုထားသော iPhone,iPad,iPod များ Software Upgrade, Downgrade , Jailbreaking
Software Installation , Backup & Restore , Network lock များဖြည်ခြင်း၊
Cydia sources များအသုံးပြုပုံအဆင့်ဆင့်။
Android OS အသုံးပြုထားသော Huawei , Samsung , Sony ericsson , HTC ဖုန်းများ
Software Installation၊ Upgrade , Downgrade , Rooting, Unlocking . . . Extention
Software များအသုံးပြု၍ App,Game & Usage Software များအသုံးပြုခြင်း၊ မြန်မာ Fonts များထည့်သွင်းခြင်း။
Java ဖုန်းများ Software ပျက်စီးခြင်းများကို Toolbox အသုံးပြု၍ပြန်လည်ရေးသားခြင်း
Software Repairing and Hacking
CDMA ကပ်ရိုးတပ်ဖုန်းများ Haier 2010 , 2020 , Qlink , Nokia , Anydata , SYH , Trycall , etc...
ဖုန်းများ Firmware ပြန်လည်ရေးသားခြင်း၊ Backup ရယူခြင်း၊ Hardware ပိုင်းဆိုင်ရာပြုပြင်ခြင်း
PABX Software & Hardware အထူးသင်တန်း
Laptop တစ်လုံးစီဖြင့် သက်ဆိုင်ရာ Course များကို စာတွေ့၊ လက်တွေ့သင်ကြားပေးခြင်း၊
ကျွမ်းကျင်သော Mobile ပညာရှင်တစ်ယောက်ဖြစ်ရန် အာမခံ သင်ကြားပေးခြင်း၊
အတန်းပညာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တက်ရောက်နိုင်ခြင်း၊
MP3 , MP4 , MP5 Software ပြန်လည်ရေးသားခြင်း
Software များအား မိမိစိတ်ကြိုက် ပြန်လည်ပြုပြင်ရေးသားခြင်း
HARDWARE TRANING COURSE
Basic Electronic
Schematic diagram reading,
Hardware online false finding
Learning with Digital oscilloscope
Basic fundamental telecommunication
တန်းခွဲသစ်
4 - 1 - 2013
Software Traning Course 10 % off
Hardware Traning Course 10 % off
နယ်ကျောင်းသားများအတွက် အဆောင် (အခမဲ့) စီစဉ်ပေးသည် ။
အမှတ် (102) ၊ ACC ဝင်း၊ မြေညီထပ် 84 လမ်း 31 လမ်းနှင့် 32 ကြား ၊ မန္တလေးမြို့၊ Ph: 09-91009325 , 09-402554700


Promotion Date
29.12.2012 to
2.1.2013
"New Year Promotion"
Samsung Brand ပစ္စည်းအစစ်အမှန်ကို အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။
2013 ခုနှစ်တွင် မြန်မာ့ဆက်သွယ်ရေးမှ ထပ်မံချပေးမည့် 3G GSM အမျိုးအစားသုံး၍ရသော Handset များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။ မြန်မြန်ဝယ်ထားမှ လျှော့ဈေးဖြင့်ရမည်။
"မိတ်ဟောင်းမိတ်သစ်များကို ကြိုဆိုပါသည်။"
2012 အတွင်း ဝယ်ယူအားပေးကြသောမိတ်ဆွေများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် 2013 နှစ်ကုန် အထူးလျှော့ဈေးနှုန်းနှင့်အတူ 29/12/12 မှ 2/1/2013 အတွင်းဝယ်ယူသော Handset များအတွက် ရာသက်ပန် Software နှင့် Game Free သွင်းခွင့်ကဒ်ပြားများလည်းလက်ဆောင်ရယူနိုင်ပါသည်။
SAMSUNG
Galaxy Gio Old price Ks-127000/- New Price Ks-118000/-
Galaxy Fit Old price Ks-128000/- New Price Ks-118000/-
Galaxy X cover Old price Ks-210000/- New Price Ks-196000/-
Galaxy Ace II Old price Ks-224000/- New Price Ks-211000/-
Galaxy Mini II Old price Ks-127000/- New Price Ks-116000/-
Galaxy Mini Old price Ks-118000/- New Price Ks-103000/-
Galaxy Y Duos Old price Ks-126000/- New Price Ks-115000/-
Galaxy Ace Plus Old price Ks-182000/- New Price Ks-171000/-
Galaxy Ace Old price Ks-157000/- New Price Ks-142000/-
Galaxy Y Old price Ks-96000/- New Price Ks-92000/-
ရရှိနိုင်သောနေရာများ—D.A.(mobile Shop) Super One
365 Electronics & Mobile Shop -
(ရန်ကုန်)—အမှတ်(769/154)C1-D1၊ Ph : 01-657164,657795, 09-430 73440
(မန္တလေး)—အမှတ်(92/26Bလမ်း)၊ Ph-02-66997,09-430 66969
(နေပြည်တော်) Ph:067-8108088,09-73116745

Internet Journal
Vol.13, No.50 | Thursday, December 27, 2012

# Xiaomi MI-Two



iPhone ဒီဇိုင်းနဲ့ဆင်တူအောင်ပြုလုပ်ထားတဲ့ တရုတ်နိုင်ငံထုတ်အရည်အသွေးမြင့်စမတ်ဖုန်းတစ်မျိုးဖြစ်ပြီး ၄.၃ လက်မအရွယ် display ကို 1,280x720 pixel resolution နဲ့အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဖုန်းရဲ့ပါဝါခလုတ်နဲ့ အသံထိန်းခလုတ်တွေကိုတော့ Nokia Lumia ဖုန်းတွေနည်းတူ ဖုန်းရဲ့ညာဘက်မှာထည့်သွင်းထားပြီး ဖုန်းရဲ့အောက်ခြေမှာ micro-USB port နဲ့ ၃.၅ မီလီမီတာအရွယ်နားကြပ်ပေါက်ကိုတော့ ဖုန်းရဲ့ထိပ်ဘက်မှာတွေ့မြင်နိုင်ပါတယ်။ Display ကို IPS နည်းပညာအသုံးပြုထားပြီး မြင်ကွင်းရှုထောင့်တွေလည်းကောင်းမွန်ပါတယ်။

ဖုန်းရဲ့စုစုပေါင်းအလေးချိန်က ၁၄၅ ဂရမ်ရှိပါတယ်။ 2,000 mAh ဘက်ထရီနဲ့ SIM card slot တို့ကို ဖုန်းရဲ့နောက်ကျောဖုံးအောက်မှာတွေ့ရမှာဖြစ်ပြီး micro SD card slot တော့ထည့်သွင်းထားခြင်းမရှိဘဲ on board memory 16GB နဲ့ 2GB RAM တို့ကိုပဲထည့်သွင်းထုတ်လုပ်ထားတာတွေ့ရပါတယ်။

Android 4.1 အခြေခံ MIUI အသုံးပြုထုတ်လုပ်ထားပြီး Play Store လိုမျိုး Google app တွေတော့ထည့်သွင်းထားခြင်းမရှိဘဲ Gmail နဲ့ Maps လိုမျိုး app အချို့ကိုတော့ MI Market ကနေ download ပြုလုပ်ထည့်သွင်းနိုင်ပါတယ်။ ဖုန်းမှာ Wi-Fi နဲ့ Bluetooth လိုမျိုးကွန်ရက် feature တွေထည့်သွင်းထားပေမယ့် LTE နဲ့ NFC စနစ်တွေတော့ ပါဝင်ခြင်းမရှိတာတွေ့ရပါတယ်။

8 megapixel ကျောဘက်ကင်မရာနဲ့ အရည်အသွေးကောင်းမွန်တဲ့ဓာတ်ပုံတွေကို ရိုက်ကူးနိုင်မှာဖြစ်ပြီး 2 megapixel front facing ကင်မရာလည်းပါဝင်ပါတယ်။ ဖုန်းမှာ 1.5 GHz Qualcomm quad-core Snapdragon S4 ပရိုဆက်ဆာကို အသုံးပြုထုတ်လုပ်ထားပြီး Adreno 320 GPU လည်းထည့်သွင်းထားပါတယ်။ ဘက်ထရီအရည်အသွေးအထူးကောင်းမွန်ပြီး တစ်ရက်ခန့်ကောင်းမွန်စွာအသုံးပြုနိုင်တာတွေ့ရပါတယ်။

–ဟေမာ (Ref: CNET)

**အားသာချက်** – Xiaomi MI-Two ဟာတန်ဖိုးနည်းပါးပြီး စွမ်းဆောင်ရည်ပြည့်ဝတဲ့စမတ်ဖုန်းတစ်မျိုးဖြစ်ကာ ကင်မရာအရည်အသွေးနဲ့ ဘက်ထရီသက်တမ်းလည်း အထူးကောင်းမွန်တာတွေ့ရပါတယ်။

**အားနည်းချက်** – Google app တွေကိုထည့်သွင်းပေးထားခြင်းမရှိဘဲ NFC feature လည်းမပါဝင်ပါဘူး။ ကင်မရာရဲ့ autofocus စနစ်ကလည်း အသုံးပြုတဲ့အခါမှာနှေးကွေးပါတယ်။

## Compare

### GSM





| HTC One V | Samsung Glaxy S Plus | Sony Xperia P |
|---|---|---|
| 235,000 Ks | 259,000 Ks | 229,000 Ks |
| **Network** | **Network** | **Network** |
| GSM 850/900/1800/1900, HSDPA 850/900/1900/2100 | GSM 850/900/1800/1900, HSDPA 850/900/ 1900/2100 | GSM 850/900/1800/1900, HSDPA 850/900/1900/2100 |
| **Storage** | **Storage** | **Storage** |
| Internal Memory 4GB Storage, 512MB RAM, Micro SD Up To 32GB | Internal Memory 16, 512MB RAM, 512MB ROM, Micro SD up to 32GB | Internal Memory 16GB Storage, 1GB RAM, Card Slot No |
| **Connectivity** | **Connectivity** | **Connectivity** |
| EDGE, GPRS, WiFi, Bluetooth 4.0 With A2DP, USB 2.0 | EDGE, GPRS, WiFi, Bluetooth 3.0 With A2DP, USB 2.0 | GPRS, EDGE, HSDPA, WiFi, Bluetooth 2.1 with A2DP, USB 2.0 |
| **Camera** | **Camera** | **Camera** |
| 5 Mega pixel resolution, autofocus, LED flash, Simultaneous HD video and image recording, geo-tagging, face and smile detection, Video | 5Mega pixel resolution, Autofocus, Geo-tagging, touch focus, face and smile detection, Video, Secondary VGA | 8Mega pixel resolution, autofocus, LED flash,Geo-tagging, touch focus, face and smile detection, 3D sweep panorama, image stabilization, Video, Secondary VGA |
| **Multimedia** | **Multimedia** | **Multimedia** |
| Beats Audio, SNS integration, MP4, WMV player, MP3/eAAC+/ WMA/WAV player, Google Search, Maps, Gmail, YouTube, Calendar, Google Talk, Document editor, Voice memo/dial | MP4, WMV, MP3, FLAC player, TV-out, Image/video editor, Document editor (Word, Excel, PowerPoint, PDF), Google Search, Maps, Gmail, YouTube, Google Talk, Voice memo/dial/commands | SNS integration, HDMI port, MP4, WMV player, MP3, WMA, Google Search, Maps, Gmail, YouTube, Calendar, Google Talk, Organizer, Document viewer, Voice memo/dial/ commands |
| **Software** | **Software** | **Software** |
| Android OS, v4.0.3 | Android OS, v2.3 | Android OS, v2.3, up 4.0 |
| **Source** | **Source** | **Source** |
| Today's Mobile | Today's Mobile | Today's Mobile |

### CDMA





| HTC Desire VC | Huawei C8825D | HTC Droid Incredible |
|---|---|---|
| 260,000 Ks | 125,000 Ks | 165,000 Ks |
| **Network** | **Network** | **Network** |
| GSM 850/ 900/ 1800/ 1900, CDMA 2000 1x, CDMA 3G EVDO | GSM 850/ 900/ 1800/ 1900, CDMA 2000 1x, CDMA 3G EVDO | CDMA 2000 1x, CDMA 3G EVDO |
| **Storage** | **Storage** | **Storage** |
| Internal Memory 4GB, 512MB RAM Storage, Micro SD Up To 32GB | Internal Memory 158MB RAM, 4GB ROM Storage, Micro SD, up to 32GB | Internal Memory 8GB Storage, Micro SD, up to 32GB |
| **Connectivity** | **Connectivity** | **Connectivity** |
| GPRS, CDMA 3G EVDO, WiFi, Bluetooth 3.0, USB 2.0 | EDGE, CDMA 3G EVDO, WiFi, Bluetooth 2.1 With A2DP, USB 2.0 | CDMA 3G EVDO, WiFi, Bluetooth 2.1 With A2DP, USB 2.0 |
| **Camera** | **Camera** | **Camera** |
| 5 Mega Pixel Resolution, autofocus, LED flash, Geo-tagging,Video | 5Mega pixel resolution, Auto Focus, Face Recognition, Camcorder Audio and Video Capture | 8 Mega pixel resolution, autofocus, LED flash, Smile detection, geo-tagging |
| **Multimedia** | **Multimedia** | **Multimedia** |
| Dual SIM (dual stand-by), SNS integration, MP4, WMV player, MP3, Google Search, Maps, Gmail, YouTube, Calendar, Google Talk, Organizer, Document viewer | Support MP3 Player, Support AAC,WMA, AMR, M4A, WAV, Video Player, 3GP, MP4, JPEG, PNG, GIF, BMP | Dedicated search key, MP3, WAV player, MP4, Google Search, Maps, Gmail, YouTube, Google Talk, Document viewer, Photo viewer/ editor, Organizer, Voice memo/dial |
| **Software** | **Software** | **Software** |
| Android OS V4.0.3 | Android OS, v4.0 | Android OS, v4.0.4 |
| **Source** | **Source** | **Source** |
| 450 Mobile | 450 Mobile | 450 Mobile |

# 5vuft&Gf WVGA display jzifh

## Samsung Galaxy Grand



Samsung ကုမ္ပဏီမှ Galaxy Grand ဟုအမည်ပေးထားသော Android စမတ်ဖုန်းသစ်တစ်မျိုးကိုမိတ်ဆက်ပေးခဲ့ပြီး အဆိုပါစမတ်ဖုန်းတွင် 800x480 resolution ဖြင့်အသုံးပြုနိုင်မည့် ၅ လက်မအရွယ် LCD display တပ်ဆင်ထားသည်။

Galaxy Grand တွင် dual-core 1.2GHz ပရိုဆက်ဆာတပ်ဆင်ထားပြီး RAM 1GB နှင့် 8 megapixel ကင်မရာလည်းပါဝင်သည်။ 2 megapixel front-facing ကင်မရာလည်း ထည့်သွင်းထုတ်လုပ်ထားပြီး internal memory 8GB ထည့်သွင်းထားကာ micro slot လည်းပါဝင်သည်။ Wi-Fi, Bluetooth, GPS, HSPA+ စနစ်များအသုံးပြုနိုင်မည်ဖြစ်ပြီး 2,100 mAh ဘက်ထရီအသုံးပြုထားကြောင်းသိရသည်။ Samsung ကုမ္ပဏီ၏ TouchWiz interface ကို Android 4.1.2 Jelly Bean operating system ဖြင့်အသုံးပြုနိုင်မည်ဖြစ်ပြီး S Voice, multi window mode, Direct Call, AllShare Play, Smart Alert, Popup Play နှင့်အခြားအသုံးဝင်သည့် Samsung feature များလည်းထည့်သွင်းပေးထားသည်။ အဆိုပါ Galaxy Grand စမတ်ဖုန်းကို SIM ကတ်တစ်ခုတည်းဖြင့်အသုံးပြုနိုင်မည့် I9080 ဗားရှင်းနှစ်မျိုးဖြင့်ထုတ်လုပ်ထားပြီး ရောင်းချမည့်အချိန်နှင့်တန်ဖိုးတို့ကိုမူ ကုမ္ပဏီမှပြောကြားခဲ့ခြင်းမရှိသေးပေ။

–ဟေမာ (Ref: GSM Arena)

# K860i Android prwfzkef;ukd Lenovo rdwfquf



K860 စမတ်ဖုန်းကို အဆင့်မြှင့်တင်ထားသည့် K860i စမတ်ဖုန်းသစ်ကို Lenovo ကုမ္ပဏီမှမိတ်ဆက်ပေးလိုက်ကြောင်းသိရသည်။ K860i တွင် RAM 2GB နှင့် internal memory 1GB အသီးသီးထည့်သွင်းပေးထားပြီး မူလ K860 ၏စွမ်းဆောင်ရည်ကို နှစ်ဆမြှင့်တင်ထားသည်။ ဒီဇိုင်းအနေဖြင့် ယခင် K860 အတိုင်း ပုံစံတူထုတ်လုပ်ထားပြီး အရွယ်အစားနှင့်ဖွဲ့စည်းထားပုံချင်းတူညီသည်။ မူလ K860 တွင် 1.4GHz ပရိုဆက်ဆာကိုသာအသုံးပြုထားသော်လည်း 1.6GHz quad-core Exynos ပရိုဆက်ဆာအသုံးပြုထုတ်လုပ်ထားပြီး ၅ လက်မအရွယ် HD screen တပ်ဆင်ထားသည်။ 8 mega-pixel ကင်မရာတစ်ခုနှင့် 2 mega-pixel front-facing ကင်မရာတို့တပ်ဆင်ထုတ်လုပ်ထားပြီး 2250 mAh ဘက်ထရီအသုံးပြုထားသည်။ ဈေးကွက်အတွင်းစတင်ရောင်းချမည့်အချိန်နှင့်တန်ဖိုးတို့ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးသော်လည်း တရုတ်ဈေးကွက်တွင်စတင်ရရှိနိုင်မည်ဟုသိရသည်။

–ဟေမာ (Ref: Unwiredview)

# S500 xuf screen t&Gft pm;ykd;r,onf

## Acer V360 Jelly Bean prwfzkef;

Acer ကုမ္ပဏီမှထုတ်လုပ်သည့် V360 Android စမတ်ဖုန်းနှင့်ပတ်သက်၍ သတင်းဓာတ်ပုံများထပ်မံထွက်ပေါ်လာခဲ့ပြီး ၎င်းကို Jelly Bean operating system ဖြင့်အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

V360 သည် Acer မှ ယခင်ထုတ်လုပ်ခဲ့ဖူးသော S500 စမတ်ဖုန်းထက် screen အရွယ်အစားအနည်းငယ်ပိုမိုကြီးမားသော်လည်း နည်းပညာဆိုင်ရာအချက်အလက်များအားနည်းသည်။ ယင်းတွင် ၄.၅ လက်မအရွယ် qHD screen တပ်ဆင်ထားပြီး 245ppi pixel သိပ်သည်းဆဖြင့်အသုံးပြုနိုင်မည်ဖြစ်သည်။ Android 4.1.1 အသုံးပြုထုတ်လုပ်ထားပြီး customize ပြုလုပ်နိုင်သည့် user inerface လည်းထည့်သွင်းပေးထားသည်။ Dual-core 1GHz ပရိုက်ဆက်ဆာတပ်ဆင်ထုတ်လုပ်ထားကာ LED flash ပါဝင်သည့် 5 megapixel ကင်မရာနှင့် VGA front-facing ကင်မရာတစ်ခုလည်းပါဝင်ကြောင်းသိရသည်။

အရွယ်အစားအနေဖြင့် အလျား ၁၃၂ မီလီမီတာ၊ အနံ ၆၈.၅ မီလီမီတာနှင့် အထူ ၉.၉ မီလီမီတာအသီးသီးရှိပြီး စုစုပေါင်းအလေးချိန် ၁၄၀ ဂရမ်ရှိသည်။ တရုတ်ပြည်မဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၃၀၀ ဖြင့်စတင်ရောင်းချမည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခြင်းရှိ၊ မရှိကိုမူ ကုမ္ပဏီမှထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပေ။

–ဟေမာ (Ref: Phonearena)

# Huawei Ascend D2 \owif'mwfkd;xGufay:



မကြာသေးမီက တရုတ်ဈေးကွက်အတွင်း စတင်မိတ်ဆက်ခဲ့သည့် Huawei Ascend D2 နှင့်ပတ်သက်၍ သတင်းဓာတ်ပုံများထွက်ပေါ်လာခဲ့ကြောင်းသိရသည်။ အဆိုပါ Ascend D2 စမတ်ဖုန်းတွင် ၅ လက်မအရွယ် 1080p display ကိုတပ်ဆင်ထားပြီး Huawei ၏ user interface သစ်ကိုအသုံးပြုထားသည်။ အဆိုပါ interface သစ်ကို Emotion UI ဟုအမည်ပေးထားပြီး ၎င်းတွင်အသစ်ထွက်ပေါ်လာမည့် Android စမတ်ဖုန်းများ၌အသုံးပြုမည့် Huawei အသွင်အပြင်သစ်များပါဝင်သည်။ ထို့ပြင် Ascend D2 တွင် Huawei ၏ ယခင်စမတ်ဖုန်းများနည်းတူ quad-core 1.5GHz K3V ပရိုဆက်ဆာနှင့် 13 megapixel ကင်မရာတို့တပ်ဆင်ထားပြီး Android 4.1 Jelly Bean ဖြင့်စတင်အသုံးပြုနိုင်မည်ဖြစ်ကာ Android 4.2 သို့လည်းအဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာဈေးကွက်သို့တင်ပို့မည့် Ascend D2 ကို CES 2013 တွင်စတင်မိတ်ဆက်မည်ဖြစ်ကြောင်း Huawei မှပြောကြားခဲ့ပြီး Windows Phone 8 OS အသုံးပြုထုတ်လုပ်ထားသည့် Huawei Ascend W1 ကိုလည်း တစ်ပြိုင်တည်းမိတ်ဆက်နိုင်ရန်မျှော်လင့်ထားသည်။

–ဟေမာ (Ref: GSM Arena)






Internet Journal
Vol.13, No.50 | Thursday, December 27, 2012

## Question & Answer

–ကိုသက်



**Q** ကျွန်တော် iPad 3 New iPad ကိုအသုံးပြုပါတယ်။ အဲဒီထဲမှာ iPad နဲ့ရိုက်ထားတဲ့ဓာတ်ပုံတွေရှိပါတယ်။ iPad ထဲကဓာတ်ပုံတွေကို Slide Show လုပ်ပြီးကြည့်တဲ့နေရာမှာ ပုံတွေသွားတာအရမ်းမြန်နေပါတယ်။ တစ်ပုံနဲ့တစ်ပုံကိုသေချာမကြည့်ရသေးခင်မှာပဲ နောက်တစ်ပုံကိုပြောင်းပြောင်းသွားပါတယ်။ အဲဒါဘာကြောင့်ပါလဲ။ iPad တွေမှာ ဓာတ်ပုံတွေကို Slide Show လုပ်ပြီးကြည့်တဲ့အခါမှာ ဒီလိုပဲမြန်တတ်တာပါလား။ ဒါမှမဟုတ် Slide Show ရဲ့အရှိန်နှုန်း Speed ကိုချိန်ညှိလို့ရနိုင်ပါသလား။ အဲဒါလေးသိချင်ပါတယ်။ Slide Show ရဲ့အရှိန်နှုန်းကို ချိန်ညှိလို့ရနိုင်တယ်ဆိုရင် ဘယ်နေရာမှာဘယ်လိုသွားလုပ်ရသလဲဆိုတာလေးသိပါရစေ။

**A** iPad 3 New iPad တွေထဲမှာ ဓာတ်ပုံတွေကို Slide Show ကြည့်တဲ့အခါ အရှိန်နှုန်းအရမ်းမြန်နေရတာကတော့ Slide Show ရဲ့အရှိန်နှုန်းကိုတင်ထားလို့ပဲဖြစ်ပါတယ်။ iPad တွေမှာ Slide Show အရှိန်နှုန်းကပုံသေတစ်ခုအနေနဲ့ မြင့်မားနေတာမျိုးမဟုတ်ပါဘူး။ ကိုယ်တိုင်ချိန်ညှိပြီးအသုံးပြုလို့ရနိုင်ပါတယ်။ အသုံးပြုချင်တယ်ဆိုရင်တော့ Setting ထဲကိုသွားပါ။ Setting ထဲက Photo ဆိုတဲ့ထဲကိုဝင်လိုက်ပါ။ ဒါဆိုရင်တော့ ဓာတ်ပုံစနစ်တွေအတွက် ချိန်ညှိနိုင်မယ့်နေရာတစ်ခုကိုမြင်တွေ့ရပါလိမ့်မယ်။ Photo စနစ်ထဲမှာ Play Each Slide For ဆိုတာရှိပါတယ်။ အဲဒီနေရာကိုနှိပ်လိုက်မယ်ဆိုရင်တော့ Slide Show ရဲ့အရှိန်နှုန်းနဲ့အချိန်ကို ချိန်ညှိနိုင်ပါလိမ့်မယ်။ ဒီထဲမှာ Slide Show ရဲ့အချိန်ကို 2 စက္ကန့်ကနေစပြီး 20 စက္ကန့်ထိချိန်ညှိအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အရမ်းမြန်နေတယ်ဆိုရင်တော့ ဓာတ်ပုံတစ်ပုံနဲ့တစ်ပုံ အပြောင်းအလဲကာလကိုကိုယ်သတ်မှတ်ချင်တဲ့ကြာမြင့်ချိန်အတိုင်း သတ်မှတ်ပေးထားပြီးအသုံးပြုနိုင်ပါတယ်။ Photo စနစ်ထဲကိုသွားတဲ့နေရာမှာ ဒီစနစ်ရဲ့အပေါ်ဘက်ထိပ်ဆုံးက Photo Stream ဆိုတဲ့နေရာက သတိပြုရမယ့်နေရာလေးပါ။ Photo Stream ဆိုတဲ့နေရာမှာ On ထားတာကိုတွေ့ကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ Off သွားလုပ်လိုက်မယ်ဆိုရင်တော့ ကိုယ့်ရဲ့ iPad ထဲကဓာတ်ပုံတွေအားလုံးကိုဖျက်မလားလို့ မေးပါလိမ့်မယ်။ ဒါကြောင့်ဒီနေရာက ဓာတ်ပုံတွေကိုဖျက်နိုင်တဲ့နေရာပါ။ ဒါကြောင့်ဒီစနစ်ကိုအသုံးပြုရင်တော့ Photo Stream ဆိုတဲ့နေရာလေးကိုသတိပြုစေချင်ပါတယ်။

## Software

### Living Earth - Clock & Weather



Living Earth ဆိုတဲ့ Application ကတော့ သင်ရှာဖွေတဲ့ တိုင်းပြည်နေရာရဲ့ ရာသီဥတုနဲ့ အချိန်နာရီကို ဖော်ပြပေးနိုင်တဲ့ Application တစ်ခုဖြစ်ပါတယ်။ ဒီ Application ကို iPhone နဲ့ iPad ပေါ်မှာအသုံးပြုနိုင်ဖို့စီစဥ်ပေးထားပါတယ်။ Download ပြုလုပ်မယ်ဆိုပါက iTunes ပေါ်ကနေ ကန်ဒေါ်လာ ၀.၉၉ နဲ့ Download ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

### FingerFace Christmas



FingerFace Christmas ဆိုတဲ့ Application ကတော့ သင့်လက်ချောင်းလေးတွေကို ဓာတ်ပုံရိုက်ကူးပြီး ခရစ်စမတ်နဲ့သက်ဆိုင်တဲ့အရုပ်လေးတွေဖြစ်အောင် ဖန်တီးပေးနိုင်မယ့် Application တစ်ခုဖြစ်ပါတယ်။ ဒီ Application မှာမျက်နှာပေါင်း ၅၄ခု၊ ဆံပင်ပုံစံ ၅၂ ခုနှင့် အခြား Accessories ၆၀ ခုတို့ကိုထည့်သွင်းပေးထားပါတယ်။ Download ပြုလုပ်လိုတယ်ဆိုပါက ကန်ဒေါ်လာ ၀.၉၉ နဲ့ Download ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

## Game

### Smash Cops Heat



တစ်ကမ္ဘာလုံးက လူငါးသန်းကျော်ရဲ့ အားပေးမှုနဲ့တောင်းဆိုမှုတွေကြောင့် Feature အသစ်တွေကို ထပ်မံထည့်သွင်းပေးထားပြီး ရုပ်ထွက်ပိုမိုကောင်းမွန်အောင်ဖန်တီးပေးထားတဲ့ Smash Cops Heat ဆိုတဲ့ Action Game ဟာ ရာဇဝတ်မှုကျူးလွန်တဲ့ကားတွေကို လိုက်လံဖမ်းဆီးရတဲ့ဂိမ်းအမျိုးအစားဖြစ်ပါတယ်။ ဒီဂိမ်းကို Download ပြုလုပ်ချင်တယ်ဆိုရင် iTunes ပေါ်မှာအခမဲ့ Download ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

| iPhone5 | |
|---|---|
| 16GB | 680,000 |
| 32GB | 780,000 |
| 64GB | 900,000 |
| **iPad 4 WiFi** | |
| 16GB | 450,000 |
| 32GB | 550,000 |
| 64GB | 650,000 |
| **iPad Mini WiFi** | |
| 16GB | 360,000 |
| 32GB | 450,000 |
| 64GB | 540,000 |
| **New iPad 4G** | |
| 32GB | 600,000 |
| 64GB | 700,000 |

Updated on 22.12.2012

## Software

### Splitcamera




Photo Stories အလွယ်တကူပြုလုပ်နိုင်မယ့် Splitcamera Application ဖြစ်ပါတယ်။ Splitcamera ဖြင့်ဓာတ်ပုံရိုက်ကူးနိုင်သည့်အပြင် Photo Story ကိုလည်း တိုက်ရိုက်တွဲဆက်ပေးမှာဖြစ်ပါတယ်။

ဓာတ်ပုံငါးပုံနှင့်အထက် Photo Story တွဲဆက်နိုင်မယ့်အပြင် Effects, Text တို့ကိုလည်းထည့်သွင်းနိုင်မှာဖြစ်ပါတယ်။ အဆိုပါ Photo Story များကိုလည်း Facebook, twitter, gmail နှင့် Social Network များသို့တိုက်ရိုက် Share ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ မိမိနောက်ဆုံးပြုလုပ်ခဲ့သည့် Story ကိုပြန်လည်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Gallery အတွင်းမှဓာတ်ပုံများကိုလည်း Photo Story ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဓာတ်ပုံရိုက်ကူးမှုများနှစ်ခြိုက်သည့် မိန်းကလေးများအကြိုက်တွေ့မယ့် Application တစ်ခုဖြစ်ပါတယ်။

Android Application တစ်ခုဖြစ်ပြီး Android 2.2 နှင့်အထက်များတွင်ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ Memory 5.5MB ပမာဏလိုအပ်မှာဖြစ်ပြီး Google Play နှင့် 1Mobile Market တွင်အခမဲ့ရယူနိုင်မှာဖြစ်ပါတယ်။

### Windows 8 For Android




Android ပုံစံဒီဇိုင်းမကြိုက်နှစ်သက်သူများအတွက် အသစ်ထွက်ရှိလာတဲ့ Windows 8 ပုံစံဒီဇိုင်း Launcher တစ်မျိုးဖြစ်ပါတယ်။ အသစ် Launcher တစ်မျိုးထွက်ရှိလာတာဖြစ်ပြီး ပုံစံဒီဇိုင်းသစ်ကြိုက်နှစ်သက်သူများအတွက် ပိုမိုနှစ်ခြိုက်ကြမှာဖြစ်ပါတယ်။

Windows 8 PC များဖြင့်လည်း အလွယ်တကူချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပြီး Windows 8 PC တစ်ခုကဲ့သို့အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Title များကိုလည်း အလွယ်တကူအသစ်ထပ်တိုးထည့်သွင်းနိုင်မှာဖြစ်တဲ့အပြင် မိမိကြိုက်နှစ်သက်ရာ Application, Browser များကိုအသစ်ထပ်မံထည့်ထားနိုင်မှာဖြစ်ပါတယ်။ Mail, Messaging Folder, Game, Social နှင့် Media Application များကိုလည်း အလွယ်တကူအသုံးပြုနိုင်ရန်လုပ်ဆောင်ထားနိုင်မှာဖြစ်ပါတယ်။

Android 2.1 နှင့်အထက်များတွင် အလွယ်တကူထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပြီး Memory 2.3MB ပမာဏလိုအပ်မှာဖြစ်ပါတယ်။ Google Play တွင်အခမဲ့ရယူနိုင်မှာဖြစ်ပြီး ထည့်သွင်းလိုပါက Myanmar Mobile Application တွင် Download ရယူနိုင်မှာဖြစ်ပါတယ်။

## Game

### Blood & Glory 2




ခပ်ကြမ်းကြမ်းတိုက်ခိုက်မှုများကို ကြိုက်နှစ်သက်သူများအတွက် Blood & Glory 2 ရောမ Fighting Game ဖြစ်ပါတယ်။ ယခင်ထွက်ရှိခဲ့ပြီး အသစ် Version အနေဖြင့်ထပ်မံထွက်ရှိလာတာဖြစ်ပါတယ်။

တိုက်ခိုက်မှုများမှာသေဆုံးသည်အထိတိုက်ခိုက်သည့် ရောမတိုက်ခိုက်မှုပုံစံများဖြင့်ဆော့ကစားရမှာဖြစ်ပါတယ်။ Fight Style, Blades & Shields နှင့် Weapons တို့ကိုမြှင့်တင်ဆော့ကစားရမှာဖြစ်ပါတယ်။ ရောမပတ်ဝန်းကျင်ပုံရိပ်များက ဆော့ကစားသူများကိုပိုမိုစိတ်ဝင်စားစေမှာဖြစ်ပါတယ်။ 3D ရုပ်ထွက်ဖြင့်ဆော့ကစားရမှာဖြစ်ပြီး Special Attacks များကလည်း ပြိုင်ဘက်ကိုအနိုင်ရယူစေမှာဖြစ်ပါတယ်။

Android Game အမျိုးအစားတစ်ခုဖြစ်ပြီး Android Version 2.1 နှင့်အထက်များတွင်ထည့်သွင်းဆော့ကစားနိုင်မှာဖြစ်ပါတယ်။ Memory 290MB ပမာဏရှိမှာဖြစ်ပြီး ဂိမ်းထည့်သွင်းလိုသူများအနေဖြင့် Best One (လှည်းတန်း) ဖုန်း ၀၉၇၃၂၀၁၄၄၂ သို့ဆက်သွယ်နိုင်မှာဖြစ်ပါတယ်။

### SuperCross HD



SuperCross HD အမည်ဖြင့် Racing Game အမျိုးအစားတစ်ခုဖြစ်ပါတယ်။ မြန်နှုန်းမြင့်မားစွာဖြင့် ယှဥ်ပြိုင်ဆော့ကစားရမှာဖြစ်ပြီး လျှို့ဝှက်ထားသောအမြင့်ခုန်နေရာများ ပါဝင်မှာဖြစ်ပါတယ်။ ဆိုင်ကယ်မောင်းယှဥ်ပြိုင်မှုကြိုက်နှစ်သက်သူများပိုမိုနှစ်ခြိုက်ကြမှာဖြစ်ပါတယ်။

Time Trials, Practice, Racing စသည်ဖြင့် Play mode များပါဝင်မှာဖြစ်ပါတယ်။ HD ရုပ်ထွက်ဖြင့်ဆော့ကစားရမှာဖြစ်ပါတယ်။ Camera views လေးမျိုးဖြင့်ပြသပေးမှာဖြစ်ပါတယ်။ Challange ယှဥ်ပြိုင်ဆော့ကစားမှုများပါဝင်မှာဖြစ်ပြီး ဆိုင်ကယ်ရှစ်စီးနှင့်အထက်ယှဥ်ပြိုင်မှုများဖြင့်ဆော့ကစားရမှာဖြစ်ပါတယ်။ ဆိုင်ကယ်အမျိုးအစားပေါင်းများစွာပါဝင်မှာဖြစ်ပြီး ပြိုင်ကွင်းများအတွင်းယှဥ်ပြိုင်မှုများဖြင့် ဆော့ကစားရမှာဖြစ်ပါတယ်။ အမြင့်ခုန်ကျော်မှုများတွင် အလုပြကွက်များဖြင့်အမှတ်များရရှိစေမှာဖြစ်ပါတယ်။ Android Game အမျိုးအစားတစ်ခုဖြစ်ပြီး Android 2.2 နှင့်အထက်များတွင် ထည့်သွင်းဆော့ကစားနိုင်မှာဖြစ်ပါတယ်။ Memory 43 MB ပမာဏရှိမှာဖြစ်ပြီး Google Play တွင် $4.99 ဖြင့် ရယူနိုင်မှာဖြစ်ပါတယ်။ ဂိမ်းထည့်သွင်းလိုပါက Shwe Mobile ဖုန်း ၂၉၃၁၆၇ သို့ဆက်သွယ်နိုင်မှာဖြစ်ပါတယ်။